# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

October 2, 2020 Volume 36, Number 2


| ၂.၁၀.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၉၀၈ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၁၃၂၄/- ကျပ် |
| CBM Rate | = ၁၃၀၆.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၁.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၇.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၉၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၄.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၂.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၃.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၃၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ



ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းများကို ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်ခြင်း (Soft Opening) အခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO) ၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (Association of South East Asian Nations–ASEAN) နှင့်ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization – WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် WTO ၏ ကုန်သွယ်မှုနှင့်ဆက်စပ်နေသော မူပိုင်ခွင့်ဆိုင်ရာသဘောတူစာချုပ် (Trade Related Aspect of Intellectual Property Rights – TRIPS Agreement)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တည်ဆောက်မည့် အာဆီယံမူပိုင်ခွင့် ဆိုင်ရာ ASEAN Framework Agreement on Intellectual Property Co-operation ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၀၊ ၂၁/၂၀၂၀ နှင့် ၃၁/၂၀၂၀ တို့ဖြင့်ဖွဲ့စည်းခဲ့ပြီး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ(၂) ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ပထမဦးစွာ လက်ရှိကျင့်သုံးနေသော ဦးစွာအသုံးပြုသူကို အခွင့်အရေးပေးသောစနစ်မှ ဦးစွာလျှောက်ထားသူကို အခွင့်အရေးပေးသောစနစ်သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း၊ ထိုသို့ကူးပြောင်းရာတွင် အဆင်ပြေချောမွေ့စေရန် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများ ကြိုတင်

လက်ခံခြင်းအား ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာန၏ အမိန့်အမှတ် (၆၃/၂၀၂၀) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အမိန့်စာအရ ယနေ့မှစတင်ပြီး အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းများကို ကြိုတင်လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုစတင်ဖွင့်လှစ်သည့် ကနဦးလက်ခံခြင်းကာလတွင်လည်း ပထမအဆင့်အနေဖြင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) ၏ WIPO File စနစ်ကို အသုံးပြုမည်ဖြစ်သဖြင့် ယခုကဲ့သို့သော ကိုဗစ်-၁၉ ကာလတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူမှုကိုလည်း အထောက်အကူပြုစေမည်ဟုမျှော်လင့်ပါကြောင်း၊ ဒုတိယအဆင့်တွင်လည်း ကိုယ်တိုင်လာရောက်လျှောက်ထားမှုများကို ဆက်လက်လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအာဏာသက်ဝင်နိုင်စေရန်အတွက် လိုအပ်သောနည်းဥပဒေများ၊ လျှောက်လွှာများ၊ အခကြေးငွေများ အတည်ပြုနိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေအာဏာသက်ဝင်ပြီးလျှင် အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို တရားဝင်စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်းပြောကြားပါသည်။

မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခြင်းဖြင့် မူပိုင်ခွင့်များကို ထိရောက်စွာ အကာအကွယ် ပေးနိုင်ခြင်း၊ မျှတသည့်ယှဉ်ပြိုင်မှုများပေးနိုင်ခြင်း၊ တီထွင်ဖန်တီးမှုများကို အားပေးနိုင်ခြင်း၊ ကုန်သွယ်မှုမြင့်တက်လာစေနိုင်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်တက်လာစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက်ဆောင်ရွက်ရာတွင် အစဉ်တစိုက်ဥပဒေပိုင်းဆိုင်ရာ အကြံညာဏ်များနှင့် အီလက်ထရွန်နစ်စနစ်အသုံးပြုခြင်းအတွက် WIPO Solutions များစသည့် အကူအညီများကို ပံ့ပိုးပေးနေသော WIPO၊ USAID၊ JICA နှင့် JPO တို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်တစ်ရပ် ကျင့်သုံးပေါ်ပေါက်နိုင်စေရန် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြင်ဆင်ဆောင်ရွက်နိုင်စေရေးအတွက် ကဏ္ဍအသီးသီးအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အွန်လိုင်းစနစ်ကိုအသုံးပြုပြီး ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို စနစ်သစ်ဖြင့် စတင်ဖွင့်လှစ်နိုင်သည့်အတွက်ဂုဏ်ယူပါကြောင်း၊ မူပိုင်ခွင့်သည် စီးပွားရေးကဏ္ဍနှင့် များစွာဆက်စပ်မှုရှိသောကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက် ရခြင်းသည် ကောင်းမွန်သည့် အခွင့်အလမ်းတစ်ခုဖြစ်မည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် မူပိုင်ခွင့်ဥပဒေများ မူကြမ်းပြုစုရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်းတွင် အတည်ပြုပြဋ္ဌာန်းနိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာ အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများကို ကိုယ်စားလှယ်များစေလွှတ်ပြီး တက်ရောက်နိုင်စေခဲ့သည့် အပြင် တက္ကသိုလ်များနှင့် အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် အသိပညာပေးဆွေးနွေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်သည့်အရင်းအမြစ်များအပါအဝင် နည်းပညာနှင့်ဥပဒေဆိုင်ရာအထောက်အပံ့များကို ပံ့ပိုးပေးပြီးပူးပေါင်းဆောင်ရွက်ပေးနေကြသည့် ပြည်ပအဖွဲ့အစည်းများနှင့် အစိုးရဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်လုပ်ငန်းရှင်များအသင်း (MIPPA) ၊ မူပိုင်ခွင့်အစည်းအရုံးများစသည်တို့အပါအဝင် ပြည်တွင်းအဖွဲ့အစည်းများနှင့် ပညာရှင်များအားလုံးတို့ကို ကျေးဇူးများစွာတင်ရှိပါကြောင်းနှင့် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့(WIPO)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yoshiyuki TAKAGI ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ US Embassy Myanmar မှ Chargé d'Affaires ဖြစ်သူ Ms. Gwendolyn Cardno၊ JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Noriji SAKAKURA နှင့် Japan Patent Office (JPO) မှ Deputy Commissioner ဖြစ်သူ Mr. Susumu IWASAKI တို့က မြန်မာနိုင်ငံတွင် မူပိုင်ခွင့်အကာအကွယ်ပေးနိုင်စေရန် စတင်ဆောင်ရွက်သည့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် မူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဌာန၏

အင်တာနက်စာမျက်နှာ www.ipd.gov.mm တရားဝင်မိတ်ဆက် အသိပေးပြောကြားပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းသည်။

ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ မူပိုင်ခွင့်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်က ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများအား လက်ခံမည့် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် (WIPO File) ကိုလည်းကောင်း၊ မူပိုင်ခွင့်ဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းက ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပါအဝင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်အကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

**myanmar.mmtimes.com**

## ကုန်စည်ဒိုင်များ ယာယီပိတ်ထားခြင်းကြောင့် ပဲအမျိုးအစားအချို့ အရောင်းအဝယ်ခက်နေ




ကိုဗစ်-၁၉ရောဂါပြန့်ပွားမှုမရှိစေရန် မန္တလေးကုန်စည်ဒိုင်အပါအဝင် ဒေသအချို့က ကုန်စည်ဒိုင်များ ပိတ်ထားသည့်အတွက် ပဲအမျိုးအစားအချို့ ဝယ်ယူရောင်းချရန်ခက်ခဲနေကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။ “မန္တလေးကုန်စည်ဒိုင်လို အခြားဒေသအသီးသီးက ကုန်စည်ဒိုင်တွေလည်း ပိတ်လိုက်တဲ့အတွက် ပဲသီးနှံအချို့ဝယ်ယူရာမှာခက်ခဲတယ်။ ဒါကြောင့် ဈေးနှုန်းအပြောင်းအလဲ တချို့ရှိတယ်။ အဓိကဈေးတက်တာကတော့ ကုလားပဲတစ်ခုကတော့ သုံးတင်းဝင်တစ်အိတ်ကို ကျပ်ထောင်ဂဏန်းတက်လာတယ်” ဟု ၎င်းကပြောသည်။ ဝယ်ယူရန်အတွက်ခက်ခဲသော်လည်း သယ်ယူပို့ဆောင်ရေး လမ်းကြောင်းပိတ်ထားခြင်းမရှိသဖြင့် ပဲသီးနှံအားလုံး ဈေးနှုန်းမြင့်တက်နိုင်ချေမရှိကြောင်း ၎င်းကပြောသည်။ ကုန်သည်များက တယ်လီဖုန်းများနှင့်ဆက်သွယ်ခြင်း၊ Viber Group များဖွဲ့ကာ အချင်းချင်းဆက်သွယ်ခြင်း နည်းလမ်းများဖြင့် အရောင်းအဝယ်လုပ်နေကြသည်။ ``ထိခိုက်မှုကတော့ သိပ်မရှိဘူး၊ ဝယ်ရောင်းရတာတော့ နည်းနည်းလေးသွားတာပေါ့၊ လက်တွေ့မမြင်ရဘဲ ဝယ်ရတာဖြစ်လို့ ချင့်ချိန်တာရှိသလို၊ ရောဂါပိုးကြောင့် ကုန်သည်တွေက အခြေအနေကိုစောင့်ကြည့်နေ တဲ့အနေအထားတွေကြောင့် အရောင်းအဝယ်ကတော့ အေးနေဦးမယ်ထင်တယ်``ဟု ဦးမျိုးဆွေကပြောသည်။

သကြားဈေးကွက်မှာလည်း သကြားနှင့်သကာရည် လုပ်ငန်းရှင်များအသင်း ယာယီပိတ်ထားသဖြင့် အရောင်းအဝယ်အေးသွားသည့်အပြင် ပြည်တွင်းသကြားစားသုံးမှုနည်းပါးခြင်းကြောင့် သကြားလက်ကျန်များနေကြောင်း မန္တလေးတိုင်း ဒေသကြီး သကြားနှင့်သကာရည်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်အေးကပြောသည်။“သကြားတစ်ပိဿာကို လက်ကားဈေးနှုန်းက ကျပ်၈၀၀၊ ၈၅၀ပဲရှိတော့တယ်၊ အခုအခြေအနေအရ ဆက်ကျဖို့ကများတယ်” ဟု ၎င်းကပြောသည်။ သကြားစက်ရုံများက ကြံဝယ်ယူရန်ညှိနှိုင်းနေပြီး မကြာမီကြံပေါက်ဈေးသတ်မှတ်ကာ တောင်သူများနှင့်စာချုပ်ချုပ်တော့မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် သကြားထွက်ရှိလာတော့မည်ဖြစ်သည့်အတွက်လည်း သကြားဈေးမြင့်တက်နိုင်ချေ လွန်စွာနည်းပါးနေကြောင်းသိရသည်။ “ကိုဗစ်နဲ့မဆိုင်ဘူး၊ သကြားဈေးကွက်က ပြည်တွင်းစားသုံးမှုက နည်းပါးတဲ့အတွက် ပိုနေတယ်။ ဈေးနှုန်းက ကျဖို့အလားအလာများတယ်” ဟု သကြား လုပ်ငန်းလုပ်ကိုင်သူ ဦးစိုးနိုင်ကပြောသည်။ ပြီးခဲ့သည့် ၂၀၁၉ခုနှစ်က ပေါင်းသကြား တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ရှိခဲ့တယ်လို့သိရသည်။ ကုန်စည်ဒိုင်များ ယာယီပိတ်ထားသောလည်း လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်စည် စီးဆင်းမှုကို မပိတ်သည့်အတွက် ဈေးကွက်ထိခိုက်မှု သိသိသာသာမရှိသေးကြောင်း၊ ကုန်စည်စီးဆင်းမှုကို ပိတ်လိုက်မှသာ ထိခိုက် လာမည်ဖြစ်ကြောင်း ကုန်သည်များကပြောသည်။

**Source: http://htwettoe.com/article-details/news/10270738**

## COVID-19 ရောဂါမရှိကြောင်း ထောက်ခံစာမပါ၍ မန္တလေးအဝင်တွင် ကုန်တင်ကားအစီးရာကျော်ရပ်တန့်နေ



COVID-19 ရောဂါမရှိကြောင်း ထောက်ခံစာမပါရှိသဖြင့် မန္တလေးတိုင်းအဝင် ရမည်းသင်းမြို့နှင့် မြို့အဝင်ထုံးဘိုစစ်ဆေးရေးဂိတ်များတွင် ရပ်နေရသည့် ကားအစီးရေတစ်ရာကျော်ရှိနေသည်ဟု မန္တလေးတိုင်း အဝေးပြေးကုန်တင်ယာဉ် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းလင်းက ပြောသည်။

မန္တလေးတိုင်းသို့ ဝင်ရောက်မည့် ကုန်တင်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် အောက်တိုဘာ ၁ ရက်ကစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှစ်ပတ်အတွင်း ထုတ်ပေးထားသည့် COVID-19 ရောဂါမရှိကြောင်း ထောက်ခံစာပါရှိမှသာ တိုင်းအတွင်းဖြတ်သန်းဝင်ရောက်ခွင့်ပြုမည်ဟု မန္တလေးတိုင်းအစိုးရက စက်တင်ဘာ ၂၉ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်ထားသည်။

ညွှန်ကြားချက်စတင်သည့် အောက်တိုဘာ ၁ ရက်တွင် မန္တ လေးမြို့အဝင် ထုံးဘိုဂိတ်နှင့် တိုင်းအဝင်ရမည်းသင်းမြို့ စစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးထောက်ခံချက်မပါသည့် ကုန်တင်ယာဉ်များ ရပ်တန့်နေရခြင်းဖြစ်သည်။ "စစ်ဆေးရေးဂိတ်တွေကတော့ COVID မရှိကြောင်း ထောက်ခံစာမပါရင် ပေးမဖြတ်ဘူး။ နောက်ပြန်လှည့်ရတဲ့ ကားတွေရှိသလို ဘာလုပ်ရမှန်းမသိ ရပ်စောင့်နေရတဲ့ကားတွေ ရှိနေတယ်"ဟု ဦးထွန်းလင်းကပြောသည်။ ယင်းသို့ ဝင်ရောက်ခွင့်မရရှိသည့် ကုန်တင်ယာဉ်များမှာ တိုင်းအစိုးရညွှန်ကြားချက် ထုတ်ပြန်ခြင်းမရှိသေးမီ လမ်းပေါ်တွင်ရှိနေသည့်ကားများဖြစ်သည်ဟု ကုန်တင်ယာဉ်လုပ်ငန်းရှင်များကပြောသည်။

**Source: https://7day.news/detail?id=200661**

## ဂိုဒေါင်များအတွင်း ကြက်သွန်ဖြူလက်ကျန်လျော့နည်းလာသဖြင့် ဈေးနှုန်းမြင့်တက်နိုင်



ကြက်သွန်ဖြူ လှောင်ထားသူများအနေဖြင့် ထုတ်ပြီးပြန်လည်ရောင်းချလျက်ရှိရာ ယခုအခါ ဂိုဒေါင်များအတွင်း ကြက်သွန်ဖြူလက်ကျန် လျော့နည်းလာသဖြင့် ဈေးကွက်အတွင်း ကြက်သွန်ဖြူဈေးနှုန်း မြင့်တက်လာနိုင်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁၂) မှ ကြက်သွန်ဖြူ လက်လီလက်ကား အရောင်းအဝယ်လုပ်ကိုင်သူ ဒေါ်အေးဆိုင်ထံမှသိရသည်။ "ကြက်သွန်ဖြူဈေးကတော့ အလုံးသေးတစ်ပိဿာကို ငွေကျပ် ၂၀၀၀၊ အလုံးကြီးတစ်ပိဿာကို ငွေကျပ် ၂၅၀၀ ရတယ်။ အခုရက်ပိုင်း တရုတ်ကြက်သွန်ဖြူလည်း အဝင်မရှိတော့ ဒေသထွက် ကြက်သွန်ဖြူတွေကို အသုံးများလာတာတွေ့ရတယ်။ အရင်က မရောင်းဘဲလှောင်ထားသူတွေက ထုတ်ရောင်းတာများလာလို့ ကြက်သွန်ဖြူလက်ကျန်သိပ်မရှိကြတော့ဘူး။ ကြက်သွန်ဖြူ လက်ကျန်နည်းသွားလို့ ဈေးနှုန်းလည်း မြင့်တက်လာနိုင်ပါတယ်" ဟု ကြက်သွန်ဖြူလက်လီလက်ကား အရောင်းအဝယ်လုပ်ကိုင်သူ ဒေါ်အေးဆိုင်ကပြောသည်။

လားရှိုးမြို့နယ်၌ ယခင်နှစ် ကြက်သွန်ဖြူစိုက်ပျိုးသည့်ရာသီတွင် စိုက်ပျိုးရေလုံလောက်စွာမရရှိသဖြင့် စိုက်ပျိုးသူ လျော့ကျသွားခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးသူလျော့ကျမှုရှိသော်လည်း ကြက်သွန်ဖြူပေါ်ချိန်တွင် တရုတ်နိုင်ငံမှဝင်ရောက်လာသည့် ကြက်သွန်ဖြူများသာ ဈေးကွက်အတွင်း ရောင်းအားကောင်းပြီး ပြည်တွင်းကြက်သွန်ဖြူဈေးကွက်မရှိဘဲ ဈေးနှုန်းပါလျော့ကျခဲ့ကြောင်း၊ ထိုသို့ ကြက်သွန်ဖြူဈေး လျော့ကျသဖြင့် စိုက်ပျိုးသူများကရောင်းချခြင်းမရှိဘဲ ကြက်သွန်ဖြူများကို လှောင်ထားသူများပြားကြောင်း၊ ယခုအခါ လှောင်ထားသည့် ကြက်သွန်ဖြူများအား ထုတ်ရောင်းလာကြရာ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါလှောင်ထားသောကြက်သွန်ဖြူများမှာ လက်ရှိတွင် လက်ကျန်နည်းပါးလျက်ရှိရာ ဈေးကွက်အတွင်း ကြက်သွန်ဖြူဈေး မြင့်တက်လာနိုင်ဖွယ်ရှိကြောင်းသိရသည်။

Source: https://www.myawady.net.mm/node/2465

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း ရုံးပိတ်ရက်ကြောင့် နယ်စပ်ကုန်သွယ်ရေး တစ်ပတ်ခန့်ရပ်ဆိုင်းမည်



တရုတ်ပြည်သူ့သမ္မတ နိုင်ငံထူထောင်ခြင်း နှစ်ပတ်လည် ရုံးပိတ်ရက်ကြောင့် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေး လုပ်ငန်းများ အောက်တိုဘာ ၂ ရက်ကစတင်ပြီး တံ့ဆိုင်းသွားမည်ဟု မူဆယ်မြို့မှကုန်သည်အချို့က ပြောသည်။ တရုတ်နိုင်ငံတွင် နှစ်စဉ် အောက်တိုဘာ ၁ ရက်မှ ၇ ရက် အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း နှစ်ပတ်လည်နေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်အစိုးရ ရုံးများပိတ်လေ့ရှိကာ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ "ဒီတစ်ပတ်ကတော့ လုပ်ငန်းတွေ ကောင်းကောင်းလုပ်ရမှာမဟုတ်ဘူး။ အလုပ်တွေရပ်ထား ရမယ့် သဘောပဲ" ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ရွှေလီမြို့ကို Lockdown ချခဲ့ခြင်းကြောင့် ကုန်သွယ်ရေးလုပ်ငန်းများ တစ်ပတ်ခန့်ရပ်နားခဲ့ရသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ဆန်၊ သကြားရည်၊ ပဲစသော လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များတင်ပို့ရောင်းချနေသည်။ သို့သော် ကျယ်ဂေါင်နှင့်ရွှေလီမြို့အကြားရှိ အကောက်အခွန်ဂိတ်အပါအဝင် အစိုးရရုံးများ၊ ဘဏ်များ လုပ်ငန်းရပ်နားလျှင် ကုန်သွယ်မှုရပ်ဆိုင်းသွားမည်ဟု ဦးမင်းသိန်းကပြောသည်။

မြန်မာနိုင်ငံတွင် တိုင်းနှင့်ပြည်နယ်များ၏COVID-19 ကပ်ရောဂါတားဆီးထိန်းချုပ်ရေး လုပ်ငန်းစဉ်များကြောင့် လက်ရှိတွင် တရုတ်နိုင်ငံမှ ကုန်စည်တင်သွင်းမှုလုပ်ငန်းအများစုရပ်ဆိုင်းနေကြောင်း မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောသည်။ လက်ရှိတွင် မူဆယ်မှရွှေလီသို့ ပို့ကုန်လုပ်ငန်းများ ပြန်လည်လည်ပတ်နေသကဲ့သို့ ချင်းရွှေဟော်-မိန်းတိန်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းကလည်း ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်လုပ်ဆောင်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူဦးခင်မောင်လွင်က ပြောကြား သည်။ တစ်နှစ်လျှင် မူဆယ်-ရွှေလီနယ်စပ်ကုန်သွယ်ရေးမှ ကုန် သွယ်မှုတန်ဖိုး ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော် ရှိသည်။

**Source: https://7day.news/detail?id=200646**

## ရှမ်းပြည်နယ်မှ ကုန်တင်ယာဉ်များအား အခြားတိုင်းနှင့်ပြည်နယ်သို့ သွားရောက်ခွင့် ၁၄ ရက်ပိတ်

ကုန်တင်ယာဉ်မောင်းများတွင် ပိုးတွေ့ရှိလာပြီးနောက် ရှမ်းပြည်နယ်အတွင်းမှ ကုန်တင်ကားများကို အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ထွက်ခွာခွင့် ၁၄ ရက် ယာယီရပ်နားထားရန် ပြည်နယ်အစိုးရက ယမန်နေ့တွင် အမိန့် ထုတ်ပြန်လိုက်သည်။ ရှမ်းပြည်နယ်အတွင်းမှ ကုန်တင်ယာဉ်များ အခြားတိုင်းဒေသကြီးများနှင့်ပြည်နယ်များသို့ ထွက်ခွာခွင့်ကို အောက်တိုဘာ ၁ ရက်ကစ၍ ၁၄ ရက်အထိ ယာယီရပ်နားထားခြင်းဖြစ်သည်။

ထို့အပြင် ရှမ်းပြည်နယ်အတွင်းသို့ ဖြတ် သန်းဝင်ရောက်လာမည့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်တင်ယာဉ်များအနေဖြင့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နှစ်ပတ်အတွင်း ထုတ်ပေးထားသည့် COVID-19 ကင်းစင်ကြောင်း ထောက်ခံချက်ပါမှသာ ရှမ်း ပြည်နယ်အတွင်း ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ "အခုအခြေအနေက ကားသမားတွေ၊ ယာဉ်နောက်လိုက်တွေပါ ပါလာပြီ။ မလုပ်လို့မရလို့ကို လုပ်လိုက်ရတာ။ ရှမ်းအစိုးရအနေနဲ့ တစ်မူထူးခြားထုတ်ပြန်တာတော့ မဟုတ်ဘူး။ ဘယ်တော့ပြန်ဖွင့်မလဲဆိုတာတွေဖြစ်ကုန်မှာစိုးလို့ နှစ်ပတ်ပဲ။ ၁၄ ရက်ပဲ ကန့်သတ်မယ်"ဟု ရှမ်းပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဦးစိုးညွန့်လွင်ကပြောသည်။

**Source:** https://7day.news/detail?id=200662

## ရန်ကုန်မြို့ရှိ ကြက်သားစားသုံးမှု (၄) ရာခိုင်နှုန်းကို အေးခဲကြက်သားများတင်သွင်းမည့်ကိစ္စ ပြည်လည်သုံးသပ်ပေးရန် တင်ပြတောင်းဆိုထား




ရန်ကုန်မြို့ရှိ ကြက်သားစားသုံးမှု၏ (၄) ရာခိုင်နှုန်းကို ပြည်ပနိုင်ငံများမှ အေးခဲကြက်သားများ တင်သွင်းမည့်အစီအစဉ်ကို ပြည်လည် သုံးသပ်ပေးရန်အတွက် မြန်မာနိုင်ငံ အသားတိုးကြက်မွေးမြူ ထုတ်လုပ်သူများ အစုအဖွဲ့မှ တင်ပြတောင်းဆိုထားကြောင်းသိရသည်။

ပြည်တွင်းစက်ရုံတွေမှာလည်း နေ့စဉ်ထုတ်လုပ်မှုတွေရှိနေပါပြီ။ အေးခဲကြက်သားလုပ်ဖို့ အဓိကလိုအပ်တာက သန့်ရှင်းလတ်ဆတ်ဖို့နဲ့ ဘတ်တီးရီးယားကင်းစင်ဖို့၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့အသားဖြစ်ဖို့ပါ။ စက်တွေနဲ့ သန့်ရှင်းစွာထုတ်မယ်၊ အေးခဲမယ်၊ ပါကင်ထုတ်ပိုးမယ်၊ ဈေးကွက်ကိုပို့မယ် စတဲ့စနစ်တွေကို ပြည်တွင်းမှာလည်း လုပ်နိုင်နေပါပြီ။ ပြည်ပကနေ လိုအပ်မယ်ဆိုရင်တောင်မှ အနည်းအကျဉ်းလောက်ပဲ။ ပမာဏများများတင်သွင်းဖို့အထိ မလိုအပ်ပါဘူး။ ပြည်ပကနေမတင်သွင်းဘဲ ပြည်တွင်းမှာရှိတဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို ပိုတိုးတက်လာအောင် လုပ်ပေးစေချင်ပါတယ်။ ဒါမှလည်း ပြည်တွင်းက မွေးမြူရေးလုပ်ကိုင်သူတွေကို အားပေးရာလည်း ရောက်မယ်။ နိုင်ငံရဲ့မွေးမြူရေးစနစ်လည်း အလျင်အမြန်ပြောင်းလဲလာမယ်ဟု မြန်မာနိုင်ငံ အသားတိုးကြက်မွေးမြူထုတ်လုပ်သူများအစုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းကပြောသည်။

ပြည်ပနိုင်ငံများမှ အေးခဲကြက်သားများကို တင်သွင်းသည့်ပမာဏများပြားလာပါက ပြည်တွင်းရှိမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် ထိခိုက်နစ်နာမှု များပြားလာနိုင်ကြောင်း မြန်မာနိုင်ငံအသားတိုးကြက်မွေးမြူထုတ်လုပ်သူများအစုအဖွဲ့မှသိရသည်။ အခု တင်သွင်းမယ်ဆိုတဲ့ပမာဏက ကြက်ကောင်ရေ ငါးသိန်းအင်အားနဲ့ ညီမျှတဲ့ပမာဏပါ။ အခုလို COVID ကာလမှာ အဲ့ဒီလောက်အထိလည်း မလိုအပ်ပါဘူး။ ကျွန်တော်တို့ဖြစ်စေချင်တာက အလွန်ဆုံးမှ ၁ % လောက်ဆို မျှတသေးတယ်။ ပြည်တွင်းကမွေးမြူသူတွေကို မထိခိုက်ဘူးပေါ့နော်။ အခုကျတော့ တင်သွင်းမယ့်ပမာဏက အရမ်းများနေတာပါ။ City Mart တို့လိုနေရာမှာ ရောင်းချနေတဲ့ အေးခဲကြက်သားကို စားသုံးတဲ့လူဦးရေက ရန်ကုန်မြို့ တစ်မြို့လုံးမှာရှိတဲ့ စားသုံးသူရဲ့ ၁၀ % လောက်ပဲရှိတာပါ။ အခုက ၄ % တောင် တင်သွင်းမယ်ဆိုတော့ ပြည်တွင်းဈေးကွက်က ထုတ်လုပ်သူတွေရဲ့ ထုတ်လုပ်မှု ၅၀ % ကျော်လောက်ကို ထိခိုက်နစ်နာသွားနိုင်ပါတယ်ဟု ဒေါက်တာကျော်ဝင်းက ဆက်လက်ပြောသည်။

ပြည်တွင်း ကြက်သားထုတ်လုပ်မှုအခြေအနေများ၊ အေးခဲကြက်သားထုတ်လုပ်နိုင်စွမ်းပမာဏနှင့် အခြေအနေများ အသေးစိတ်ကို သက်ဆိုင်ရာအဖွဲ့အစည်း ဌာနအဆင့်ဆင့်ထံသို့တင်ပြ၍ ပြန်လည်သုံးသပ်ပေးပါရန် စက်တင်ဘာလ ၂၄ ရက်က စတင်တောင်းဆိုထားကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/input_freeze_chicken?fbclid=IwAR35OO-aiYGO5pzLZOdulYrTJzhrDsOnasEx2jQYFkgKptZuCh2Cz2A3Gh4

## ပြည်ပမှပြောင်းတင်သွင်းရန် ကန့်ကွက်ထားသော်လည်း ရင်းနှီးမြုပ်နှံမှုကော်မရှင်မှတစ်ဆင့် ထပ်မံကြိုးပမ်းမှုများရှိလာ



မြန်မာနိုင်ငံသို့ ပြည်ပမှပြောင်းတင်သွင်းမှုကိုကန့်ကွက်ထားသော်လည်း ပြည်တွင်းရှိဖက်စပ် အစာစပ်စက်ရုံများက မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်မှတစ်ဆင့်ထပ်မံကြိုးပမ်းမှုများရှိလာသည့်အတွက် မြန်မာ့ပြောင်းဈေးကွက်အတွက်စိုးရိမ်ရကြောင်းမြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းထံမှသိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းပြည်တွင်း၌ ပြောင်းရှားပါးချိန်တွင် ပြည်တွင်းရှိ အစာစပ်စက်ရုံလုပ်ငန်းရှင်များမှ အစေ့ထုတ်ပြောင်းကို ပြည်ပမှပြန်လည် တင်သွင်းရန်တင်ပြခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနမှ တင်ပြချက်

နှင့်ပတ်သက်၍ တင်သွင်းသင့်/မသင့်ကို အသင်းထံသို့သဘောထားမှတ်ချက် တောင်းခံခဲ့ရာပြောင်းစိုက်တောင်သူများအား ထိခိုက်နိုင်သည့်အတွက် မြန်မာနိုင်ငံသို့ ပြည်ပမှပြောင်းတင်သွင်းမှုကို ကန့်ကွက်ခဲ့ကြောင်းသိရသည်။ "ပြည်တွင်းကာလပေါက်စျေးနဲ့အသင်းကချိတ်ဆက်ဆောင်ရွက်ပေးနိုင်တယ်။ ဒါတာလည်းတွေ့ဆုံပြောပြီးသွားပြီ။ အဲ့ဒါကိုဒုတိယအကြိမ် မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်ကတောင်းဆိုလာတယ်။ ကျွန်တော်တို့ကလည်း ထပ်ကန့်ကွက်ထားပါတယ်။ တင်သွင်းခွင့်ပြုလိုက်ရင် ပြောင်းထုတ်လုပ်မှုဖြစ်စဉ်တွေယုတ်လျော့ပျက်စီးနိုင်တယ်။ ကိုယ်တိုင်စိုက်ပျိုးနေတဲ့ တောင်သူတွေ အရောင်းအဝယ်ပြုလုပ်နေတဲ့ ကုန်သည်တွေထိခိုက်နိုင်မယ်" ဟု အဆိုပါအသင်း အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းကပြောသည် ။

ပြည်ပမှပြောင်းတင်သွင်းခွင့်ပြုလိုက်ပါက မြန်မာနိုင်ငံတွင်အဓိကပြောင်းစိုက်ပျိုးသည့်ရှမ်းပြည်နယ် တောင်ပိုင်းမြောက်ပိုင်းနှင့်ကယားပြည်နယ်များရှိပြောင်းစိုက်တောင်သူများအနေဖြင့်ပိုမိုထိခိုက်နိုင်ပြီးလက်ရှိပြည်ပမှတင်သွင်းခွင့်ကို စိုက်ပျိုးရေးဦးစီးဌာနမှလည်းကန့်ကွက်ထားကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးနေသည့် ပြောင်းများမှာ မျိုးရိုးဗီဇမပြုပြင်ထားသည့် ပြောင်းမျိုးများဖြစ်ပြီး အကယ်၍ ပြည်ပမှပြောင်းမျိုးများ တင်သွင်းဝင်ရောက်လာပါက လက်ရှိမြန်မာနိုင်ငံမှ ပြောင်းဝယ်ယူနေသည့်ပြည်ပနိုင်ငံများမှမြန်မာနိုင်ငံထွက်ပြောင်းများကို မဝယ်ယူတော့မည်ကိုလည်းစိုးရိမ်ရကြောင်းသိရသည်။ လက်ရှိပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် ၂.၃ သန်းနှင့် ၂.၆ သန်းကြားထွက်ရှိနေပြီး၊ ပြည်တွင်းစားသုံးမှု ပမာဏမှာ ၁.၃ သန်းသာရှိကာ ကျန်ပမာဏကိုသာ ပြည်ပသို့တင်ပို့နေသည့်အတွက် ပြည်တွင်း၌ ပြောင်းလုံလောက်မှုရှိနေကြောင်း အဆိုပါအသင်းထံမှသိရသည်။

**Source:**http://www.fifthwavenews.com/fwn/54163

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးတွင် အိန္ဒိယနည်းပညာကုမ္ပဏီပူးပေါင်းမည်

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် MFTB ၏ ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းခြင်း လုပ်ငန်းစဉ်တွင်ပူးပေါင်းဆောင်ရွက်မည်ဟု အိန္ဒိယအခြေစိုက် ဒစ်ဂျစ်တယ်နည်းပညာကုမ္ပဏီ Intellect Design Arena (Intellect) က ထုတ်ပြန်သည်။ အဆိုပါ ကုမ္ပဏီသည်မြန်မာနိုင်ငံအခြေစိုက်နည်းပညာ လုပ်ငန်းစုတစ်ခုဖြစ်သည့် ACE Data Systems နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်အတွက် ပိုမိုမြန်ဆန် ထိရောက်သောနေ့စဉ်လုပ်ငန်းလည်ပတ်မှုကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ''Intellect Digital Core Banking စနစ်ဟာ ကျွန်တော်တို့ဘဏ်လုပ်ငန်းရဲ့လုပ်ငန်းရည်ရွယ်ချက်တွေအပြင်လုပ်ငန်းလည်ပတ်မှုအတွက်လည်းကိုက်ညီမှုရှိပြီး အထောက်အပံ့တွေရရှိစေနိုင်ပါတယ်''ဟု မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ Intellect Digital Core Banking စနစ်သည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ လက်ရှိသုံးစွဲနေသည့်စနစ်များနှင့် သဟဇာတဖြစ်စေရန်ပြုလုပ်ထားသည့်အတွက် ဘဏ်လုပ်ငန်းများကို ချောမွေ့စွာဆက်လက်လည်ပတ်နိုင်မည်ဟု Intellect Design Arena (Intellect) က ထုတ်ပြန်သည်။

နိုင်ငံပိုင်ဘဏ်ဖြစ်သော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည်နိုင်ငံတကာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကိုသာမက သမဝါယမများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများနှင့်ပုဂ္ဂလိကလုပ်ငန်းများအတွက်ပါ ပြည်ပဘဏ်ဝန်ဆောင်မှုများပေးလျက်ရှိသည်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ အဓိကအခန်းကဏ္ဍမှာကုန်သွယ်ဘဏ္ဍာရေးနှင့် ငွေကြေးလဲလှယ်ခြင်း ဝန်ဆောင်မှုများဖြစ်ပြီး အစိုးရဌာနများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာသံရုံးများနှင့်ကမ္ဘာ့ဘဏ်ကဲ့သို့ ပြည်ပအဖွဲ့အစည်းများအတွက် သာမန်အပ်ငွေဝန်ဆောင်မှုပေးခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/144420.html

## ကော်ဖီပြည်ပတင်ပို့မှု ကိုဗစ်ကြောင့်ကျဆင်း

အရည်အသွေးကောင်းမွန်မှုကြောင့် နိုင်ငံတကာစျေးကွက်ပွင့်လာသော မြန်မာ့ကော်ဖီသည် ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင်မူ ကိုဗစ်ကြောင့် ပြည်ပတင်ပို့မှု ကျဆင်းခဲ့ရကြောင်းသိရသည်။ နိုင်ငံတကာစျေးကွက်မှ မြန်မာ့ကော်ဖီကို ကြိုက်နှစ်သက်လာသောကြောင့် အမေရိကန်၊ အင်္ဂလန်၊ ဥရောပနိုင်ငံများသို့ပါ တင်ပို့ရသည်အထိ စျေးကွက်ပွင့်လာခဲ့သော်လည်း ယမန်နေ့ကပြီးဆုံးသည့် အထက်ပါ ဘဏ္ဍာရေးနှစ်အတွင်းတွင်မူ ပြည်ပတင်ပို့မှုကျဆင်းသွားခဲ့ကြောင်း စိုက်ပျိုးရေး၊

မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေကပြောသည်။ "ကျတယ်ဆိုတာက လက်ထဲမှာပစ္စည်းရှိပြီးတော့ ပို့လို့မရတာပေါ့ဗျာ။ ကိုဗစ်ကြောင့် သင်္ဘောတင်တာတွေဘာတွေ ခက်လာတာပေါ့"ဟု ၎င်းက မြန်မာတိုင်းမ်သို့ အောက်တိုဘာ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့အပြင် ပြည်တွင်းတွင်လည်း ကိုဗစ်ကြောင့်ပင် အရောင်းမြှင့်တင်ခြင်းများ မလုပ်နိုင်ကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း စက်ာပူနိုင်ငံတွင် အောက်တိုဘာ ၁ ရက်တွင် ကျင်းပရန်ရှိနေသည့် ကော်ဖီအွန်လိုင်းလေလံပွဲတွင်မူ မြန်မာနိုင်ငံကော်ဖီအသင်းက ဝင်ရောက်ပြသခဲ့သည်။ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း ကော်ဖီပြည်ပတင်ပို့မှုသည် ယခင်နှစ်က အောက် ထက်ဝက်ခန့်အထိကျဆင်းခဲ့ကြောင်းလည်း အဆိုပါအသင်းက ပြောဆိုထားသည်။ မြန်မာ့ကော်ဖီကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်က တန်ချိန်တစ်ထောင်ကျော် တင်ပို့ခဲ့ရကြောင်းသိရသည်။ ပြင်ဦးလွင်၊ ရှမ်းနှင့်မိုးကုတ်ဒေသထွက် ကော်ဖီများကို နိုင်ငံတကာက လက်ခံလာခြင်းဖြစ်ကြောင်းလည်း တာဝန်ရှိသူများကပြောထားသည်။

**Source:** https://myanmar.mmtimes.com/news/144414.html

## နိုင်ငံတော်အရန်ဆန်များ ရန်ကုန်ရှိ ရပ်ကွက်လက်လီဆိုင်များသို့ အရောက်ပို့စနစ်ဖြင့် ရောင်းချပေးနေ

ကိုဗစ်ကာလအရေးပေါ် လိုအပ်ချိန်တွင် ဖြန့်ချိနိုင်ရန် ဝယ်ယူထားသော နိုင်ငံတော်အရန်ဆန်လက်ကျန်အိတ်ရေ ၈၄၀,၀၀၀ ခန့် ကျန်ရှိနေသေးပြီး လက်ရှိကာလတွင် ရန်ကုန်ရှိ လက်လီဆိုင်များသို့ အရောက်ပို့စနစ်ဖြင့် ရောင်းချပေးနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်းမ်ကိုပြောသည်။ အဆိုပါ အရန်ဆန်လက်ကျန်ပမာဏကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် သိုလှောင်ထားရှိပြီး ပြည်သူများထံ တစ်ပြည်လျှင် ၁၀၀၀ ကျပ်နှုန်းရောင်းဖြင့် ရောင်းချနိုင်ရန် ဆန်စပါးအသင်းချုပ်နှင့်ကုန်စည်ဒိုင်များမှတစ်ဆင့် ရောင်းချပေးနေသည်ဟု ၎င်းကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လမ်းညွှန်မှုအရ စားသုံးသူရေးရာဦးစီးဌာန၊မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်ကုန်စည်ဒိုင်များပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ရန်ကုန်တိုင်း အတွင်းရှိ ဆန်လက်လီဆိုင်များအနေဖြင့် ယခုအချိန်ကာလအတွင်း ဆန်ဝယ်ယူနိုင်ပြီး လက်လီဆိုင်နေရာအထိ အရောက် ပို့ဆောင် Delivery ပြုလုပ်ပေးမည်ဟု မြန်မာနိုင်ငံဆန်စပါးချုပ်မှသိရသည်။ ''နိုင်ငံတော် အရန်ဆန်လက်လီဆိုင်တွေကို ရောင်းချမယ်ဆိုတာ နဂိုထဲက စာထုတ်ပြီးသား။အရင်တုန်းကတော့ ဂိုထောင်မှာ ထုတ်ရတယ်။ အခုက Logistic နဲ့ ညှိပြီးတော့ ပို့ပေးတာ။ စပါးအသစ်ပြန်ပေါ်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံတော်အရန်ဆန်ကို ရောင်းချပေးနေတာပါ။ ဆန်ဆိုင်မှ မဟုတ်ဘူး။ Exporter အနေနဲ့လည်း ပြန်ဝယ်ချင်ရင်ဝယ်လို့ရတယ်။ မိမိသွင်းခဲ့တဲ့ တန်ရဲ့ ၅၀ ရာခိုင်နှုန်းကို ပြန်ဝယ်လို့ ရတယ်''ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ဗဟိုအလုပ်မှု ဆောင်ဒေါက်တာစိုးထွန်းက မြန်မာတိုင်းမ်ကိုပြောသည်။

နိုင်ငံတော်က အရန်ဆန်ဝယ်ယူရာတွင် Exporter များထံမှ ပြည်ပတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို ဝယ်ယူစုဆောင်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အရန်ဆန် ရောင်းချရာတွင် ဧည့်မထဆန်ကို စားသုံးသူများထံသို့ တစ်ပြည်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ပြန်ရောင်းပေးရန်အတွက် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၂၃,၂၀၀ ကျပ်နှုန်းဖြင့် အရောက်ပို့ဆောင် ရောင်းချ ပေးနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကဆိုသည်။ အခြားဆန်များဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ရေဝတီပေါ်ဆန်းတို့ကိုလည်း လိုအပ်ပါက သင့်တင့်သောပေါက်ဈေးဖြင့် လက်လီဆိုင်အရောက် ပို့ဆောင်ရောင်းချပေးမည်ဖြစ်ပြီး ကုန်စည်ဒိုင်များဖွင့်လှစ်ရောင်းချရာတွင် ဝါးတန်းဆန်စပါးကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်များတွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ဖွင့်လှစ် ရောင်းချလျက်ရှိသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားလာပြီးနောက် အရေးပေါ်လိုအပ်ချိန်တွင် ဖြန့်ချိနိုင်ရေးအတွက် အစိုးရက နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀,၀၀၀ နှင့် စားအုန်းဆီတန်ချိန် ၁၂,၀၀၀ ကိုဝယ်ယူခဲ့ပြီး ထိုသို့ဝယ်ယူရန် အတွက် ကျပ် ၃၈ ဘီလျံခွင့်ပြုချက်ရရှိခဲ့သည်။ နိုင်ငံတော်ရိက္ခာအဖြစ်ဝယ်ယူခဲ့သော စားသုံးဆီအရန်တန်ချိန် ၁၂,၀၀၀ ကို တိုင်းနှင့်ပြည်နယ်များသို့ အချိုးကျစီခွဲဝေထားပြီးဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/144388.html

## နိုဝင်ဘာလ(၁)ရက်နေ့တွင် တရုတ်နိုင်ငံတစ်ဝှမ်း သတ္တမအကြိမ်မြောက် လူဦးရေသန်းကောင်စာရင်းကောက်ယူမည်ဖြစ်

တရုတ်နိုင်ငံ၏ သတ္တမအကြိမ် လူဦးရေသန်းကောင်စာရင်းကောက်ယူမှုအား နိုဝင်ဘာလ (၁)ရက်နေ့မှ စတင်မည်ဖြစ်ပြီး မှတ်ပုံတင်လုပ်ငန်းအတွက် အိမ်များသို့ ဝန်ထမ်း (၇)သန်းခန့်စေလွှတ်မည်ဖြစ်ကြောင်း သိရပါသည်။

ပုဂ္ဂိုလ်ရေးရာနှင့် မိသားစုအချက်အလက်များကို ကြေငြာရန် ဆဲလ်ဖုန်း များကဲ့သို့သော မိုဘိုင်းလ်အထောက်အကူများကို အသုံးပြုရန်နေထိုင်သူများအား အားပေးသွားမည်ဖြစ်ပါသည်။

ယခုသန်းကောင်စာရင်းက တရုတ်နိုင်ငံသားများ၏ အမည်၊ သက်သေခံနံပတ် (ID number)၊ ကျား/မ၊ အိမ်ထောင်ရေး အခြေအနေ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု နှင့် အခြားအချက်အလက်များကို ကောက်ယူသွားမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံတွင် နိုင်ငံအဝှမ်းလူဦးရေသန်းကောင်စာရင်းကောက်ယူမှုအား (၁၀)နှစ်လျှင်တစ်ကြိမ်ပြုလုပ်ပြီး၊ နောက်ဆုံး အကြိမ်ပြုလုပ်ခဲ့စဉ်က ၎င်း၏လူဦးရေ (၁.၃၇)ဘီလီယံအထိတိုးပွားလာကြောင်းတွေ့ရှိခဲ့ကာ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံ ဖြစ်လာခဲ့ပါသည်။

**Source: Xinhua**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မတ်ပဲတင်သွင်းခွင့် ခွဲတမ်းသတ်မှတ်ချက်အသစ်အား အိန္ဒိယအစိုးရကထုတ်ပြန်ခြင်း

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် ၂၀၁၅-၂၀၂၀ နိုင်ငံခြား ကုန်သွယ်မှုမူဝါဒအရ ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁.၅ သိန်း သတ်မှတ်လျက် ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ ယခု သတ်မှတ်ချက် သည် အိန္ဒိယနိုင်ငံအစိုးရ၏ နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ်ရေးထိုးထားသည့် နားလည်မှု စာချွန်လွှာ များနှင့် သက်ဆိုင်မှုမရှိကြောင်း၊ ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များသို့ တင်သွင်းခွင့်ခွဲတမ်းအား ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန(DGFT)မှ သတ်မှတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် S.O. 3446 (E) အား ၁-၁၀-၂၀၂၀ နေ့တွင်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ထပ်မံတင်သွင်းခွင့်ပြု သည့် မတ်ပဲတန်ချိန် ၁ သိန်း ၅ သောင်းအား ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း၌ မတ်ပဲတင်သွင်းခွင့်ရရှိခဲ့သည့် ပြည်တွင်းလုပ်ငန်းရှင်များသို့ အညီအမျှ ကိုတာခွဲဝေသတ်မှတ်ပေးလိုက်ကြောင်းနှင့် ၎င်းလုပ်ငန်းရှင်များအနေဖြင့် HS Code အမှတ် 0713 3110, 0713 9010 နှင့် 0713 9090 တို့ အောက်ရှိ မတ်ပဲ { SPP Vigna Mungo (L.) Hepper} များကို သတ်မှတ်ကာလ ၃၁-၃-၂၀၂၁ ရက်နေ့အတွင်း အိန္ဒိယနိုင်ငံရှိဆိပ်ကမ်းများသို့အရောက် တင်သွင်းကြရန်ဖြစ်ကြောင်းဖြင့် အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၁-၁၀-၂၀၂၀ နေ့တွင်ပင် အများပြည်သူဆိုင်ရာ အသိပေးချက်အမှတ် ၂၂/ (၂၀၁၅-၂၀၂၀) အား ထပ်ဆင့်ထုတ်ပြန်ခဲ့ပါသည်။ DGFT အနေဖြင့် မတ်ပဲတန်ချိန် ၁.၅ သိန်းအား သတ်မှတ်ကာလကျော်လွန်တင်သွင်းရန် အချိန်တိုးမြှင့်တောင်းခံခြင်းကို လက်ခံ ဆောင်ရွက်မည်မဟုတ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ပြည်ပနိုင်ငံများနှင့် ခရီးသွားလာခွင့်များ ပြန်လည်ဖြေလျော့ရန် ဂျပန်အစိုးရပြင်ဆင်ဆောင်ရွက်


ဂျပန်အစိုးရသည် အခြားပြည်ပနိုင်ငံ ၁၅၉ ခုနှင့် ခရီးသွားလာမှုဖြေလျော့ခြင်းကို အောက်တိုဘာလမှ စတင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်းသိရပါသည်။ အဆိုပါနိုင်ငံ ၁၅၉ ခု အနက် ကိုရိုနာကပ်ရောဂါကူးစက်ပြန့်ပွားမှု ကျဆင်းသွားသည့် နိုင်ငံများ ဖြစ်ကြသည့် ဩစတြေးလျ၊ နယူးဇီလန်နှင့်ဗီယက်နမ်တို့မှအစပြုကာ ခရီးသွားလာမှုကန့်သတ်ချက်များ ဖြေလျော့ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါဖြေလျှော့ပေးမည့် ပြည်ပ ၁၅၉ နိုင်ငံသည် လက်ရှိတွင် သွားလာခွင့်ကန့်သတ်ထားသည့် အဆင့် (၃) တွင် ရပ်တည်နေပြီး အရေးမကြီးသည့် ခရီး သွားလာမှုများကန့်သတ်ခြင်းဖြစ်သည့် အဆင့် (၂) သို့ ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ပခရီးသွားများ ဂျပန်နိုင်ငံသို့ ဝင်ရောက်ရေးအတွက် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့်သူများနှင့် ကာလရှည် နေထိုင်သူများအတွက် နယ်စပ်ဂိတ်များအပါအဝင် ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရန် ပြင်ဆင်နေပါသည်။ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ရရှိသူ ပြည်ပနိုင်ငံသားများအနေဖြင့် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ကို စက်တင်ဘာလဆန်းကတည်းက အထူးသတ်မှတ်ချက်များနှင့် ပြန်လည်ဝင်ရောက်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (2.10.2020)



YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,500 | 10,500 | 9,900 | 3,761 | 37,638,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | +50 | +1.35% | 3,700 | 3,750 | 3,650 | 4,029 | 14,870,550 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | -500 | -2.22% | 21,000 | 22,000 | 21,000 | 2,184 | 47,516,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,750 | 2,750 | 2,700 | 167 | 451,250 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +100 | +3.33% | 3,100 | 3,100 | 3,100 | 51 | 158,100 | 19,977,223 | 61,929 |

### Market summary

As of 2nd Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 437.69 | +1.82 | +0.42% | 433.80 | 445.09 | 433.80 | 10,192 | 100,634,900 | 6 | 651,256 |

**Index chart**



# Market Overview

As of 1:00 pm, 2nd Oct. 2020

| MYANPIX | 437.69 ▲ 1.82 |
|---|---|
| Total Volume (shares) | 10,192 |
| Total Value (MMK) | 101 mil |
| Listed Company | 6 |
| Market Cap. (MMK) | 651,256 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 100 |

TIR